(၂၀၁၁) ခုနှစ်

# ထိုင်းမြန်မာနယ်စပ် ဒုက္ခသည်စခန်းများ၏ အခြေခံသက်မွေးဝမ်းကျောင်း ထိခိုက်ခံရဖွယ် အကြောင်း ပိုင်းခြားသုံးသပ်ချက်

ထိုင်း–မြန်မာနယ်စပ်ရှိ ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ညွန့်ပေါင်းအသင်းကြီး
**(TBBC)** အတွက်

**TANGO International, Inc.** (တန်ဂို အင်တာနေရှင်နယ် အဖွဲ့) က ပြုစုသည်။

**Baseline Livelihood vulnerability Analysis of Refugee Camps along the Thailand-Burma Border**

# ထိုင်း–မြန်မာနယ်စပ်တလျှောက်ရှိ ဒုက္ခသည်စခန်းများတွင် အခြေခံ သက်မွေးဝမ်းကျောင်း ထိခိုက်ခံရဖွယ်ရှိပုံ ပိုင်းခြားသုံးသပ်ချက်

## အစီရင်ခံစာ အကျဉ်းချုပ်


လူသားချင်းစာနာမှုဆိုင်ရာ ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အကျိုးအမြတ်မယူသည့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်း တစ်ခုဖြစ်သည့် ထိုင်း–မြန်မာနယ်စပ် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ညွန့်ပေါင်းအသင်းကြီး (TBBC) က (TANGO international, Inc.) နှင့် စာချုပ်ချုပ်ဆိုခဲ့ကာ ထိုင်း–မြန်မာနယ်စပ်တလျှောက်ရှိ ဒုက္ခသည်စခန်း (၉) ခုတွင် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်နိုင်ဖွယ်ရှိမှုနှင့် ပတ်သက်သော လေ့လာချက် တစ်ခု ပြုစုစေခဲ့ပါသည်။ မကြာသေးမီနှစ်များ အတွင်းကပင် အလှူရှင်များ၏ ဆန္ဒသဘောထားကြောင့် ဒုက္ခသည်များကို စခန်းထဲမှာ ထားသင့်၊ မထားသင့်၊  စခန်းထဲမှာ ဒုက္ခသည်များဆက်လက်နေထိုင်သွားနိုင်ဖွယ် ရှိ–မရှိတို့နှင့် ပတ်သက်၍ သို့လောသို့လော တွေးစရာ ဖြစ်လာခဲ့သည်။ ထို့အပြင် ယခင်က အလှူငွေများ တိုး၍ထောက်ပံ့နေကျ အတိုင်း ဆက်လက်၍ ထောက်ပံ့ပေးရန် ဆန္ဒမရှိတော့ကြောင်းကိုလည်း အလှူရှင်များက ဖေါ်ပြလာခဲ့ကြသည်။ (၂၀၁၀) ခုနှစ်အထိ၊ (TBBC) သည် ထောက်ပံ့ရေး ရိက္ခာဝယ်ယူနိုင်လောက်အောင် ရန်ပုံငွေများကို တလျှောက်လုံး ရှာကြံနိုင်ခဲ့ကာ၊ ဒုက္ခသည် စာရင်းဝင်သူအားလုံးအတွက် ကယ်လိုရီအလုံအလောက်ဖြည့်တင်းပေးနိုင်ခဲ့သည်။ သို့ရာတွင် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း၌ ထောက်ပံ့ရေးအတွက် ကုန်ကျစရိတ်(ရိက္ခာ၊ မီးသွေး၊ အိမ်ဆောက်ပစ္စည်းစသည်တို့၏ ဈေးနှုန်းများ) တိုးမြင့်လာခဲပြီး၊ နိုင်ငံခြားငွေ လဲလှယ်နှုန်းလည်း ကျဆင်းသွားခဲ့သည်။ ထိုင်းဘတ်ငွေဖြင့် ထောက်ပံ့ရမည့်ငွေ ပမာဏက အနည်းနှင့် အများဆိုသလို အပြောင်းအလဲမရှိ ဖြစ်နေခဲ့သည်။ (TBBC) သည် မိမိ၏ အဓိက လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ လုပ်ငန်းအစီအစဉ်ကို အပြန်ပြန်အလှန်လှန် ဝေခွဲသုံးသပ်ပြီးနောက်၊ လုပ်ငန်းအစီအစဉ်၏ အစိတ်အပိုင်းအသီးသီးမှာ ပို၍ထိရောက်မှုရှိလာအောင် ကြံဆလျှက်ရှိသည်။

ဤဘဏ္ဍာရေးဆိုင်ရာနှင့် လုပ်ငန်းခွင်ဆိုင်ရာ အခြေအနေ ပြောင်းလဲမှုများကြောင့် (TBBC) သည် မိမိ အထောက်အပံ့ပေးရာ စခန်းများ၏ စားဝတ်နေရေးလုံခြုံမှုနှင့် ပတ်သက်၍ အသေးစိတ်ကျသော လေ့လာမှုတစ်ရပ်ကို ဆောင်ရွက်ပေးရန် တာဝန်ပေးရတော့သည်။ ဤလေ့လာချက်၏ အတိအကျသတ်မှတ်ထားသော ရည်မှန်းချက်များမှာ – အရေအတွက်ဆိုင်ရာနှင့် အရည်အချင်းဆိုင်ရာ သုတေသနပြု လေ့လာနည်းစနစ်များကို အသုံးပြုလျှက် နယ်စပ်တလျှောက်တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထိခိုက်နိုင်ဖွယ်ရှိမှုနှင့် ပတ်သက်သော လေ့လာချက်တစ်ရပ်ကို စနစ်တကျ ပြုစုရန်၊ ပစ်မှတ်ထားလေ့လာရမည့် စခန်းအသီးသီးရှိ လူမှုစီးပွားရေး အုပ်စုအမျိုးမျိုးကို ဖေါ်ထုတ်ပြရေးနှင့် ၎င်းတို့၏ ထိခိုက်နိုင်ဖွယ်ရှိပုံ အမျိုးမျိုးကို ခွဲခြားသတ်မှတ်ရေးတို့အတွက် နည်းစနစ်တစ်ရပ် ချမှတ်ရန်၊ ထို့အပြင် နောက်ဆက်တွဲ ပုံမှန်လေ့လာမှုအတွက် သင့်လျော်သော စောင့်ကြည့်ရေးစနစ်တစ်ခု ရေးဆွဲချမှတ်ရန်တို့ ဖြစ်ပါ သည်။

သက်မွေးဝမ်းကျောင်း ကိစ္စလေ့လာချက်တစ်ရပ်ကို (၂၀၀၉) ခုနှစ်အတွင်းက စခန်း (၉) ခုမှာ ဖေါ်ဆောင်ခဲ့ပါသည်။ ဤလက်ရှိလေ့လာချက်သည် တစိတ်တဒေသအားဖြင့် ဤအတွေ့အကြုံမှနေ၍ အခြေခံ တည်ဆောက်ထားခြင်း ဖြစ်သော်လည်း စခန်း (၉) ခုမှာ ပါသော စခန်းအသီးသီးကို ကိန်းဂဏန်းအရ ကိုယ်စားပြုဖေါ်ပြပေးရန်လည်း ရည်ရွယ်ခဲ့ပါသည်။ စခန်းတစ်ခုလျှင် ကျပမ်းရွေးချယ်ပြီး၊ အမျိုးအစားခွဲထားသော အိမ်ထောင်စု (၁၇၇) စု (၎င်းတို့အနက် အမှားဖြစ်နိုင်ခြေ ထည့်တွက်ထားသော ၅. ၅% အပါအဝင်ဖြစ်သည်) ကို လေ့လာခဲ့ပါသည်။ စုစုပေါင်း အိမ်ထောင်စု (၁၆၂၇) စုကို စစ်တမ်းကောက်လေ့လာခဲ့ပါသည်။ TANGO သည် ပိုင်းခြားသုံးသပ်ရာ၌ စခန်းများရှိ အိမ်ထောင်စုအားလုံး၏ အဖြစ်မှန်ကို သရုပ်ပေါ်စေရန် အလို့ငှာ အချက်အလက်များကို နှိုင်းချိန်ခြင်းလည်း ပြုခဲ့ပါသည်။ အဓိကကျသည့် အုပ်စုများနှင့် သီးသန့်ဆွေးနွေးပွဲများ (Focus group discussion) နှင့် အဓိကသတင်းပေးနိုင်သူများနှင့် တွေ့ဆုံမေးမြန်းမှုများ (၅၀၀) ကျော် ဆောင်ရွက်ကာ၊ လေ့လာသုတေသနပြုမှုဆိုင်ရာ  ညွှန်းကိန်းများ

အတွက် တိကျသော စားဝတ်နေရေး ပြဿနာများနှင့် ရိက္ခာလုံခြုံမှု ပြဿနာများကို စူးစမ်းလေ့လာခဲ့ပါသည်။ ကွင်းဆင်း အချက်အလက် စုဆောင်ရေးလုပ်ငန်းကို (၂၀၁၁) ခုနှစ်၊ လွန်ခဲ့သော မတ်လမှာ ဆောင်ရွက်ခဲပြီး၊ ဤလုပ်ငန်းတွင် လူဦးရေဆိုင်ရာ နည်းပညာ အကူအညီအဖွဲ့ (Office of Population Technical Assistance) အမည်ရှိ ထိုင်းနည်းပညာ ကုမ္ပဏီတစ်ခုက ငှားရမ်းကွပ်ကဲသော သီးခြားလွတ်လပ်သည့် စရင်းကောက်အဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ထိခိုက်ခံရဖွယ်ရှိပုံ လေ့လာချက်အရ ဖြေကြားပေးရမည်မှာ အဓိကကျသော ရိက္ခာလုံခြုံမှုနှင့် စားဝတ်နေရေးလုံခြုံမှု ဆိုင်ရာ အကျိုးဆက်များနှင့်ပတ်သက်၍ အမှန်တကယ်ထိခိုက်ခံရဖွယ်ရှိသော အိမ်ထောင်စု အုပ်စုများတွင် ဘုံ တူညီမှုများ ရှိနေ– မရှိနေ၊ ထို့အပြင် ဖေါ်ထုတ်သတ်မှတ်ထားသော အုပ်စုများအချင်းချင်းအကြား မတူခြားနားချက် များသည် ထိခိုက်ခံရဖွယ် အဆင့်အမျိုးမျိုးကို ဖေါ်ထုတ်ပြသရာ၌ မည်သည့်အတိုင်းအတာထိ အသုံးဝင်နိုင်ကြောင်း ကို ဆုံးဖြတ်သတ်မှတ်ပေးရန် ဖြစ်ပါသည်။ ဤသို့ဆုံးဖြတ်သတ်မှတ်ရေးအတွက် ပိုင်းခြားသုံးသပ်သူတို့သည် ပစ်မှတ်ထားလေ့လာနေသည့် လူအုပ်စုများ (identified groups) ကို အကြောင်းအချက် ပိုင်းခြားသုံးသပ်ချက် (factor analysis) နှင့် အချက်အလက် အုပ်စုခွဲ ပိုင်းခြား သုံးသပ်မှုများ (cluster analysis) များပြုရန် အဓိကကျ သည့် ညွှန်းကိန်းများ (key variables) ထုတ်ယူပါသည်။ TANGO သည် စူးစမ်းလေ့လာရေး ပိုင်းခြားသုံးသပ် ချက်ထဲမှ ပုံမှန်ကျသော လူမှု–စီးပွားရေးအုပ်စုများကို လေ့လာကြည့်လိုက်ရာ၊ ၎င်းတို့၏ ရိက္ခာလုံခြုံမှုဆိုင်ရာ အချက်အလက်များသည် သိသာထင်ရှားသည့် ကွဲပြားခြားနားမှု မရှိကြောင်း တွေ့ရပါသည်။ ပိုင်းခြားသုံးသပ်ချက် က အကြောင်းအချက်ကြီး (၇) ချက်ကို ဖေါ်ထုတ်ပြခဲ့ပါသည်။ ဤအကြောင်းအချက်ကြီး ၇–ခု (အတူပေါင်းစည်း လျှင်) လေ့လာရေးပုံစံဒီဇိုင်းမှာ ထည့်သွင်းထားခဲ့သော ရိက္ခာလုံခြုံမှုဆိုင်ရာ၊ စားဝတ်နေရေးဆိုင်ရာ ညွှန်ပြကိန်းများ အရ အိမ်ထောင်စုများ တစ်စုနှင့် တစ်စု မတူခြားနားပုံများကို ရှင်းပြရာ၌ အများဆုံးအထောက်အကူပြုပေးပါသည်။ ဤအကြောင်းအချက်ကြီးများကား – အိမ်ထောင်စုဝင် ဦးရေ၊ မှီခိုသူ အချိုးအစား (အလုပ်မလုပ်နိုင်သေးသော အသက်အရွယ် အိမ်သားဦးရေ **:** အလုပ်လုပ်နိုင်သော အသက်အရွယ် အိမ်သားဦးရေ)၊ လစဉ် အိမ်ထောင်စုဝင် တစ်ဦးချင်း ပျမ်းမျှဝင်ငွေ၊ လစဉ် အိမ်ထောင်စုဝင် တစ်ဦးချင်း ပျမ်းမျှ အသုံးစရိတ်၊ လစဉ် တစ်ဦးချင်း အရင်းအနှီး အညွှန်းကိန်း တန်ဖိုး (monthly per capita household income)၊ အစားအစာ စားသုံးမှု ရမှတ် (food consumption score)၊ ပြဿနာဖြေရှင်းရေး အညွှန်းကိန်းရမှတ် (coping strategy index score) တို့ ဖြစ်ပါ သည်။

ထိခိုက်ခံရဖွယ်ရှိပုံ ခွဲခြားသတ်မှတ်ရာ၌ လေ့လာချက်က အနိမ့်ဆုံးထိခိုက်ခံရဖွယ်အုပ်စု၊ အလယ်အလတ်မျှ ထိခိုက် ခံရဖွယ်အုပ်စု၊ အမြင့်ဆုံးထိခိုက်ခံရဖွယ် အုပ်စုဟူ၍ သတ်မှတ်ထားသည့် မတူကွဲပြားသော အုပ်စုအုပ်စု (၃) စု ထွက်ပေါ်လာခဲ့ပါသည်။ ဤရလဒ်ကို အသုံးပြုကာ၊ စစ်တမ်းကောက်ယူခြင်းခံရသော ဦးရေကို အနိမ့်ဆုံးထိခိုက်ခံ ရဖွယ်ရှိသော အိမ်ထောင်စု ၁၂% ၊ အလယ်အလတ်မျှ ထိခိုက်ခံရဖွယ်ရှိသော အိမ်ထောင်စု ၄၂ % ၊ အမြင့်ဆုံးထိ ခိုက်ခံရဖွယ်ရှိသော အိမ်ထောင်စု ၄၆ % ဟူ၍ ခွဲခြားသတ်မှတ်ခဲ့ပါသည်။ အနိမ့်ဆုံးထိခိုက်ခံရဖွယ်ရှိသော အိမ် ထောင်စု ရာခိုင်နှုန်း အများဆုံး စခန်း (၃) ခုမှာ ထမ်ဟင်၊ မဲလနှင့် တုန်ယမ်း စခန်းတို့ ဖြစ်သည်။ အမြင့်ဆုံးထိခိုက် ခံရဖွယ်ရှိသော အိမ်ထောင်စုရာခိုင်နှုန်းအများဆုံး စခန်း (၃) ခုကား မဲလအုန်း ၊ မဲရော်မူ နှင့် ဘန့်တုံယန်း စခန်းတို့ ဖြစ်သည်။

လေ့လာချက်၏ တွေ့ရှိချက်များက ညွှန်ပြနေသည်ကား– ရိက္ခာလုံခြုံရေးသည် ဒုက္ခသည်စခန်းများတွင် ပြဿနာ တစ်ရပ်အဖြစ် ရှိနေသော်လည်း အိမ်ထောင်စုများအားလုံးသည် နေ့စဉ် အစာအာဟာရကို စားနေကျအတိုင်းစား နိုင်အောင် ထိန်းထားနိုင်ကြကာ၊ အများစုက (ဆန်ကဲ့သို့သော ကောက်ပဲသီးနှံမျိုးကို အဓိကအားထား စားနေရ သည်ကိုပင်လျှင်) ကယ်လိုရီ လုံလောက်သည်ဟုလည်း မှတ်ယူနေကြသည်။ အစာအာဟာရ လုံလောက်မှု ရှိ– မရှိ အကဲဖြတ်ရာ ၌ အသုံးပြုသော အစားအစာစားသုံးမှု ရမှတ်က ညွှန်ပြနေသည်မှာ – အိမ် ထောင်စု ၄၀ % နီးပါး ခန့်သည် ညံ့ဖျင်းသော၊ သို့မဟုတ် မညံ့တည့် နေ့စဉ် အစာအာဟာရများကို စားနေကြရပြီး၊ အသား၊ ငါး၊ နို့မှ ထုတ်လုပ်သော အစားအစာ၊ သစ်သီး၊ ဟင်းသီးဟင်းရွက်ကဲ့သို့သော အရည်အသွေးမြင့် ပရိုတိန်းနှင့် ဓာတ်သတ္တု

များ ကြွယ်ဝသည့် အစားအစာများ (ဝေဇရိက္ခာတွင် မပါဝင်သော အစားအစာများ ဖြစ်သည်) ချို့တဲ့ခြင်းကြောင့် နေ့စဉ်အစာအာဟာရ တစ်စုံလုံး၏ အရည်အသွေးသည် ညံ့ဖျင်းသည်ဟု၍ ယူဆရမည် ဖြစ်သည်။ ဤတွေ့ရှိချက်သည် မြန်မာနိုင်ငံသား ဒုက္ခသည်စခန်းများမှာ လုပ်ဆောင်ခဲ့သော အာဟာရ စစ်တမ်းများ၏ ရလဒ်များနှင့် တစ်ပြေးညီ ကိုက်ညီမှု ရှိပါသည်။ ထိုစစ်တမ်း ကောက်ယူချက်များက တညီတညွတ်တည်း ဖော်ပြထားသည်မှာ– နာတာရှည် အာဟာရချို့တဲ့ရောဂါ (တနည်းအားဖြင့်) ကြီးထွားမှုနှေးခြင်း ဖြစ်ပွားမှုနှုန်း မြင့်မားနေကြောင်း၊ [၁] ထိုရောဂါသည် ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ ကလေးငယ်များ၏ အာဟာရ အရည်အသွေး ညံ့ဖျင်းသော နေ့စဉ် အစားအစာများနှင့်လည်းကောင်း၊ နို့စို့ကလေးများ၊ ကလေးငယ်များအား ညံ့ဖျင်းစွာ အာဟာရတိုက်ကျွေးခြင်း၊ ညံ့ဖျင်းစွာ ပြုစုစောင့်ရှောက်ခြင်းတို့နှင့် လည်းကောင်း၊ အခြား အကြောင်းအချက်များနှင့်လည်းကောင်း ဆက်စပ်နေကြောင်းတို့ ဖြစ်သည်။[၂] ဤတွေ့ရှိချက်က မြန်မာနိုင်ငံသား ဒုက္ခသည်စခန်းများရှိ ဓာတ်သတ္တု အာဟာရရရှိမှုနှင့် ပတ်သက်၍ လူသိနည်းပါးနေသေးသည့် ကိစ္စကိုလည်း အတည်ပြုပေးပါသည်။ သာဓကအားဖြင့်ဖော်ပြရမည်ဆိုပါလျှင် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးငယ်များမှာ သွေးအားနည်းရောဂါ ဖြစ်ပွားမှုနှုန်းမြင့်နေခြင်းကို စခန်းတွင်း စခန်းငယ်များအတွင်း လေ့လာချက်များတွင် တွေ့ရှိရခြင်း ဖြစ်သည်။[၃] ဤတွေ့ရှိချက်များသည် ဓာတ်သတ္တုပါဝင်သည့် အာဟာရဓါတ်ကြွယ်ဝသော တိရစ္ဆာန်မှရသည့်အစားအစာများ၊ ပဲဆံ၊ ပဲတောင့်ရှည် စသည်တို့ကို စားသုံးမှုနည်းကြောင်း **(FCS)** တွေ့ရှိချက်များနှင့် ကိုက်ညီနေပါသည်။ သို့ဖြစ်ရာ နေ့စဉ်အစာအာဟာရ အရည်အသွေးတွင် ဓာတ်သတ္တု ပါဝင်သည့် အာဟာရနှင့် ပရိုတိန်း လိုအပ်ချက်တို့ကို ဖြည့်ဆည်းပေးနိုင်မှုအပေါ် မေးခွန်းထုတ်ဖွယ်ရှိနေပါသည်။ တစ်နှစ်၏ ကာလ တစ်ခုခုတွင် လူအုပ်စု တစ်စုစု၏ ကယ်လိုရီလိုအပ်ချက်များ ပြည့်မြောက်နိုင်ဖွယ် မရှိချေ။

သားစိမ်းငါးစိမ်း၊ ဟင်းသီးဟင်းရွက် စားသုံးမှုသည် အိမ်ထောင်စု၏ ရရှိနိုင်မှု (ဝယ်ယူစားသုံးနိုင်မှု) အပေါ်တည်မှီနေပါသည်။ အကြောင်းမှာ ဤအစားအစာများသည် ထောက်ပံ့ရိက္ခာအမျိုးအမည်များတွင် မပါရှိသောကြောင့်ဖြစ်ပါသည်။ ဈေးကွက်နှင့် စခန်းတွင်းထောက်ပံ့ရိက္ခာမှနေ၍ လိုအပ်သော အစားအစာ အလုံးစုံကို အလုံအလောက် ရရှိနိုင်သော်လည်း မိုးရာသီ၌ အထူးသဖြင့် ရောက်ပေါက်ရန် ပို၍ခက်ခဲသော စခန်း (၄) ခု၌ အချို့သော အစားအစာများကို ဝယ်ယူရေးတွင် အခက်အခဲရှိနိုင်ကြောင်း အချက်အလက်များက ညွှန်ပြပါသည်။ ထို့အပြင် ရိက္ခာရရှိမှုအခြေအနေ မတည်ငြိမ်မှု (ထောက်ပံ့ရိက္ခာ လျှော့ချခြင်း၊ ရိက္ခာဝေငှမှု အချိန်နှောင်းခြင်း၊ အစားအစာ ဈေးနှုန်းမြင့်တက်ခြင်း ကဲ့သို့သော အခြေအနေများ) နှင့် ပတ်သက်၍ ထိခိုက်ခံရဖွယ်ကိစ္စများကိုလည်း ညွှန်ပြနေပါသည်။

အသက်အရွယ် အုပ်စုအမျိုးမျိုး၊ အလုပ် လုပ်ဆောင်ချက် အဆင့်အမျိုးမျိုးအတွက် အာဟာရ လုံလောက်သော နေ့စဉ်အစာအာဟာရ ရရှိအောင် မည်သည့်အစားအစာကို စားသုံးသင့်သည်ကို မသိနားမလည်ခြင်းကြောင့်လည်း နေ့စဉ်အစာအာဟာရညံ့ဖျင်းခြင်းနှင့် အခြားသော ကျန်းမာရေးပြဿနာများ ဖြစ်ပွားနိုင်ပါသည်။[၄] မကြာသေးမီက ထောက်ပံ့ရိက္ခာလျှော့ချမှုကြောင့် အိမ်ထောင်စုများ၏ သားစိမ်းငါးစိမ်း၊ ဟင်းသီးဟင်းရွက် စားသုံးမှုမှာ ထိခိုက်ခဲ့သည်။ အကြောင်းမှာ (အိမ်ထောင်စုများ၏ ဖော်ပြချက်အရ) ရရှိသောရိက္ခာကို ရောင်းချရငွေဖြင့် အသား၊ ငါး၊

---

[၁] ၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း နယ်စပ်တလျှောက်လုံးတွင် ဆောင်ရွက်ခဲ့သည့် အာဟာရ ရရှိမှုဆိုင်ရာ စစ်တမ်းတွင် ရေရှည် အာဟာရချို့တဲ့မှု ဖြစ်ပွားနေသည့် ရာခိုင်နှုန်းမှာ (၃၄) မှ (၃၉) % ကြား ရှိနေပြီး၊ ကျဆင်းသွားသည်ဟူ၍ မရှိပေ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (၃) ၏ လက္ခဏာ ခွဲခြားသတ်မှတ်ဖော်ပြ ချက်အရ ရေရှည် အာဟာရချို့တဲ့မှုနှုန်းမှာ (၃၀) ကျော်လွန်လျှင် မြင့်မားသည်ဟု သတ်မှတ်ထားသည်။ စခန်း (၆) ခုတွင် (၄၀) % ထက်ကျော်လွန်နေပြီး အလွန်မြင့်မားသည်ဟု သတ်မှတ်နိုင်သည်။ ကျန်စခန်း (၃) ခု (မဲရော်မူ၊ မဲလအုန်း၊ တုန်ယန်း) စခန်းများတွင် အသက် ၅ နှစ်ရှိ ကလေးများ ဖွံ့ဖြိုးမှုတန့်နေသည့်နှုန်းမှာ (၅၀)% အထက် ရှိနေပြီး အလွန်စိုးရိမ်ဖွယ်ပင် ဖြစ်သည်။ (ဤကြယ္ဘသမိနမ–တင်န္ဒကအမငအေသေည္ဟ ကမလနပမ္ဘနစသမအယ ၂၀၀၉)

[၂] *ပ္ အကာညည္ဲ အေအနမ္။*ယ ဗူလေန ညေိ ဤမလေန ဤနခ့ညခေ္လေမငန်ယ ၍ူကန ၂ယ္၂ နစအနာဘနမ ၂၀၁၀ယ ဗူလေန ညေိ ဤမလေန္စ မသန္ဓြခအ သ် ဗနီယ္တ ရျေညါအသည် ၏ဃ၏ မကြာသေးမီက မဲလစခန်းအတွင်း ဆောင်ရွက်ခဲ့သည့် သုတေသနပြုမှု တစ်ခုတွင် မွေးကင်းစကလေးငယ်များ နှင့် ကလေးသူငယ်များတွင် ကြီးထွားမှုနှုန်း တန့်နေခြင်း မြင့်မားနေရသည့်အကြောင်းမှာ အာဟာရ ကျွေးမွေးမှု အလေ့အထနှင့် သက်ဆိုင်နေသည်ကို တွေ့ရှိရပါသည်။ မိခင်နို့သက်သက် တိုက်ကျွေးမှု နိမ့်ကျခြင်း၊ နောက်ကျမှ အစာမာကို ကျွေးခြင်းနှင့် တစ်ရက်လျှင် ကျွေးမွေးချိန် အကြိမ်နည်းခြင်း စသည့်အကြောင်းများကို တွေ့ရှိရသည်။ ဟဃမေမမေ ဌ၏ယ္ဒသျအနည် ၏ ညေ္တိ ၏၂ အကနအဖယ *မင်အွ နစသမအ* ဤယ *ခေမသညကအမနေညအျ ညေ စမန်ညေခပ ညေိ အ့န နလနသစာနညအ သ် ညေ်ညေအယ္* သူသ္ဓ နူမေင္ဓေနျနမေ္ဓ ညငအယ္ဓ နေ္ဓသအယ ဤငူညေိယ ၂၀၁၀၏=

[၃] သမ ျေကာာမေပ သ် ခေမသညကအမနေညအျ၂အကိနေ္ဓ ညေ အ့န္ဓကမာန္ဓန ဃဓေဈယ၂နန ဇဗ္ဒကအမငအေသေည ညေိ သသိ၂ နခကမငအေပ မ္နလငနေတဓေ ဤ၂ဃယ ၂၀၁၀၏ စ၏ ၂၅ ညေိ ၂၆၏

[၄] ဤအကြောင်းကို လွန်ခဲ့သည့်နှစ်က ဆောင်ရွက်ခဲ့သည့် (ဤဃ) ၏ အာဟာရ ရရှိမှုနှင့် စားနပ်ရိက္ခာ လုံခြုံမှု သုံးသပ်ချက်တွင် မှတ်တမ်းတင်ထားပါသည်။

ဟင်းသီး ဟင်းရွက်များကို ဝယ်စားရခြင်းဖြစ်ပြီး၊ ရိက္ခာ လျှော့ချပြီးနောက်ပိုင်းတွင် ရိက္ခာရောင်းချခြင်း၊ ရောင်းဝယ်ခြင်းများ နည်းသွားခဲ့ခြင်းကြောင့်ဖြစ်သည်။ လျော့သွားခဲ့သောထောက်ပံ့ရိက္ခာအတွက် ဒုက္ခသည် အိမ်ထောင်စုများ အနေနှင့် မည်သို့ အစားထိုးမည်ဆိုသည်ကို မသိရသော်လည်း၊ ၎င်းတို့သည် ယခင်က နေ့စဉ်အစာအာဟာရထဲတွင် အလုံအလောက်ပါရှိခဲ့သော အာဟာရများကို ဆက်လက်ရရှိအောင် စွမ်းဆောင်နိုင်မည်တော့ မဟုတ်ချေ။ ထောက်ပံ့ရိက္ခာ လျှော့ချလိုက်မှုကြောင့် ကိုယ်ဝန်ဆောင်/နို့တိုက်အမျိုးသမီးများ၊ နို့စို့ကလေးများ၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများစသည့် အားနည်းချူချာသော အုပ်စုများအဖို့ ပို၍ပင် ထိခိုက်ခံရဖွယ်ရှိပါသည်။

လေ့လာချက်၏ တွေ့ရှိချက်များအရ အသက်မွေးကျောင်းလုပ်ငန်းများသည် စခန်းတစ်ခုအတွင်းရှိ အိမ်ထောင်စုများထဲမှာသော်လည်းကောင်း၊ စခန်းများ အချင်းချင်းထဲမှာသော်လည်းကောင်း အမျိုးမျိုးကွဲပြားနေကြောင်း အခိုင်အမာ သိရှိရပါသည်။ သို့ရာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် အောက်ပါ အကြောင်းအမျိုးမျိုး၏ ကန့်သတ်ခံနေရပါသည်။ ၎င်းတို့မှာ – စည်းမျဉ်း၊ စည်းကမ်းများ (အထူးသဖြင့်၊ စခန်း အဝင်/အထွက်)၊ စိုက်ပျိုးမြေ ရရှိနိုင်မှု၊ အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိသူများ၏ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုအဆင့်ကြောင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းသစ်များ ရရှိရေးတွင် အခက်အခဲရှိနေခြင်း၊ အိမ်ထောင်စု အဆင့်ဖြင့်လုပ်နိုင်သော ထုတ်လုပ်ရေးလုပ်ငန်းအတွက် အရင်းအနှီး ချို့တဲ့ခြင်း၊ အိမ်ထောင်စု တပိုင်တနိုင် ထုတ်လုပ်ရေး လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံရေးအတွက် ချေးငွေရရှိရန် ခက်ခဲခြင်းတို့ဖြစ်သည်။

ထိခိုက်ခံရဖွယ်ရှိသော အုပ်စုများကို ဖေါ်ထုတ်ပြ၍ရနိုင်သော်လည်း၊ အိမ်ထောင်စု တစ်စုစု၏ ထိခိုက်ခံရဖွယ်ရှိပုံကို အကဲဖြတ်ရာ၌ အချက်အလက်အဖြစ် အသုံးပြုနိုင်သည့် (အမျိုးသမီး ဦးစီးသော အိမ်ထောင်စု၊ အိမ်ထောင်ဦးစီး၏ အသက်အရွယ်၊ အိမ်ထောင်စုမှာ မစွမ်းမသန်သူများ ရှိခြင်း–မရှိခြင်း စသည့်) မြင်ရလွယ်သော လူမှုစီးပွားရေး အမျိုးအစားတို့ဖြင့် အိမ်ထောင်စုများကို ယေဘုယျ အမျိုးအစားခွဲခြား ဆင်ခြင်ထုတ်ဆို၍ မရချေ။ ဤသည်မှာ အားနည်းချက်ဖြစ်သည်။ အကြောင်းမှာ အိမ်ထောင်စုတစ်စု၏ နှိုင်းရ ထိခိုက်ခံရဖွယ်ရှိမှုကို သတ်မှတ်နိုင်ရေး အတွက် အိမ်ထောင်စု၏ ထူးခြားချက်များကို ပေါင်းထည့်ချိုင့်သုံးသပ်မှသာ ရနိုင်သောကြောင့် ဖြစ်သည်။ အသက်မွေးဝမ်းလုပ်ငန်း အခွင့်အလမ်းများ များစားစား မရှိခြင်းကြောင့် လူထုထဲမှာ ကွဲပြားခြားနားမှု သိပ်ရှိမနေခြင်းသည် ဒုက္ခသည်စခန်း လူနေမှုဘဝ၏ ထူးခြားချက်တစ်ရပ်လည်း ဖြစ်ဖွယ်ရှိပါသည်။ (သို့ရာတွင် ရှာပြစရာ အလားတူ သာဓကမျိုးလည်း မရှိချေ)။ ဤသို့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ များများစားစား ရှိမနေခြင်းကြောင့် အိမ်ထောင်စုများသည်လည်း တစ်စုနှင့် တစ်စု ထူးမခြားနား ဖြစ်နေပါသည်။ သို့ဖြစ်ရာ အိမ်ထောင်စုများကို ခွဲခြား သတ်မှတ်ရန်အတွက် နောက်ထပ် အသွင်လက္ခဏာများကို ရှာဖွေပြသရန် လိုပ်ပါလိမ့်မည်။

ထိခိုက်ခံရဖွယ်ရှိမှုကို ဖေါ်ထုတ်ပြရာ၌ အသုံးဝင်သော အကြောင်းအချက်များအနက် အိမ်ထောင်စု၏ အရွယ်အစားသည် အရေးပါဆုံးဖြစ်ပါသည်။ အရွယ်အစားကြီးသော အိမ်ထောင်စုများသည် အရွယ်အစားသေးငယ်သော အိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံရဖွယ်ရှိပါသည်။ အိမ်ထောင်စုအရွယ်အစားပြီးလျှင်၊ အိမ်ထောင်စု၏ စီးပွားရေး အဆင့်အတန်းက အရေးကြီးပါသည်။ သို့ဖြစ်သည့်တိုင် စီးပွားရေးအဆင့်အတန်းမြင့်သော အိမ်ထောင်စုများဟူ၍ ဖေါ်ထုတ်ပြရန်မှာ မလွယ်ကူလှချေ။ စီးပွားရေးအဆင့်အတန်းကို အကဲဖြတ်ရာ၌ မျက်မြင်အထောက်အထားအဖြစ် နေအိမ်ကို ကြည့်ခြင်းသည် ဒုက္ခသည်စခန်းလူနေမှုဘဝတွင် အရာမရောက်ချေ။ အသက်မွေးဝမ်းကျောင်းလုပ်ငန်း သည်လည်း အိမ်ထောင်စုများကို အဆင့်ခွဲခြားသတ်မှတ်ရေးတွင် အရာမရောက်လှချေ။ လုပ်ခစားအလုပ်သည် အိမ်ထောင်စု အတော်များများအဖို့ ပြတ်တောင်းပြတ်တောင်း ပုံမမှန်ဘဲ ဖြစ်နေလေ့ရှိပြီး၊ ဤလုပ်ငန်းမှရရှိသော ဝင်ငွေသည် မှန်မှန်ရသော ဝင်ငွေလည်းမဟုတ်ချေ၊ ကြိုတွက်၍ရသော ဝင်ငွေလည်းမဟုတ်ချေ။ စိုက်ပျိုးရေးလုပ်ငန်း တွင် နေ့စားအလုပ်လုပ်ခြင်း (ယေဘုယျအားဖြင့်ဆိုရလျှင် စခန်းပြင်ပ လူနေမှုဘဝတွင် ဝင်ငွေနိမ့် လုပ်ငန်းတစ်ခု ဖြစ်သည်)သည် အများသူငါမှာ ရှိသော စီးပွားရေး အခွင့်အလမ်းတစ်ခု ဖြစ်နိုင်ပါသည်။ အကြောင်းမှာ စခန်းအုပ်ချုပ်ရေးအဖွဲ့က အိမ်ထောင်စုများအား ၎င်းတို့ စခန်းထဲမှာ နေထိုင်သမျှကာလပတ်လုံး အလုပ်အကိုင်များ တစတစ တိုး၍ ပေးနေလျှက် ရှိပြီး၊ အိမ်ထောင်စုများအဖို့ အလုပ်အကိုင်အခွင်အလမ်း အလုံအလောက်ရနိုင်သောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ရာ စီးပွားရေး အဆင့်အတန်းကို သိဖို့ဆိုလျှင် ဝင်ငွေ၊ အရင်းအနှီး၊ အသုံးစရိတ်တို့နှင့် ပတ်

သက်၍ တိကျသော အတိုင်းအတာ သတ်မှတ်ချက် လိုပါသည်။ နောက်ဆုံးသတ္တုချကြည့်လိုက်သော် အိမ်ထောင်စု၏ နေ့စဉ်အာဟာရနှင့် ဤနေ့စဉ်အာဟာရ ရရှိရေးအတွက် အိမ်ထောင်စု၏ရုန်းကန် ရင်ဆိုင်ပုံ ကိစ္စမှာ ၎င်းအိမ်ထောင်စု၏ ထိခိုက်ခံရဖွယ်ရှိမှုကို ပြဌာန်းသတ်မှတ်ပေးခြင်း ဖြစ်ပါသည်။

သို့ဖြစ်ရာ၊ အိမ်ထောင်စုတစုနှင့်ပတ်သက်၍ အကြောင်းအချက် (၇) ချက်စလုံးကို သိမှသာလျှင် ထိုအိမ်ထောင်စုကို အဆင့်အတန်း သတ်မှတ်ပေးနိုင်ပါသည်။ အိမ်ထောင်စုများကို အဆင့်အတန်းသတ်မှတ်ခြင်း၊ အချိန်ယူပြီး ပြောင်းလဲမှုများကို စောင့်ကြည့်ခြင်းပြုမှသာ စောင့်ကြည့်လေ့လာရေးစနစ်တွင် အကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။ အမြင်သာဆုံး အခြားအကျိုးဆက်ကား ကုန်ကျစရိတ်ဖြစ်ပါသည်။ အကြောင်းမှာ ဤကဲ့သို့သော စောင့်ကြည့် ရေးစနစ်မျိုးအတွက် အချိန်နှင့် လုပ်အားကို အတော်များများ အသုံးပြုရလိမ့်မည်ဖြစ်ပြီး၊ **(TBBC)** အတွင်းမှာလည်း အတိအကျ သတ်မှတ်ထားသော စောင့်ကြည့်ရေးနှင့် အကဲဖြတ်ရေး ကျွမ်းကျင်မှုများနှင့် ပိုင်းခြားသုံးသပ်ရေး ကျွမ်းကျင်မှုများ လိုအပ်နေသောကြောင့် ဖြစ်ပါသည်။ (အနည်းဆုံးအားဖြင့် အစဦးမှာ) တထေရာတည်း လုပ်၍ရအောင် **TANGO** က ရည်မှန်းချက် (၂) နှင့် (၃) အတွက် အလားတူ လေ့လာနည်းစနစ်ကို အကြံပြု တင်ပြထားပါသည်။ **(TBBC)** အနေနှင့်မှု မိမိ၏ ကိုယ်ပိုင်အရင်းအမြစ်နှင့် စွမ်းအားတို့၏ အကန့်အသတ်ဘောင်ထဲမှာ မိမိချမှတ်မည့် အနာဂတ် ဆုံးဖြတ်ချက်များအတွက် ဤလေ့လာချက်၏ အကြံပြုတင်ပြချက်များကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။

<u>**အကြံပြုတင်ပြချက်များ**</u>

- ရိက္ခာလုံခြုံမှုနှင့်ပတ်သက်၍ အိမ်ထောင်စုအလိုက် ထိခိုက်ခံရဖွယ်ရှိမှုကို ဖေါ်ထုတ်ပြမည့် အိမ်ထောင်စုအလိုက် ထိခိုက်ခံရဖွယ်ရှိမှု စောင့်ကြည့်ရေးစနစ်တစ်ခုကို ချမှတ်ထားသင့်သည်။ ဤစနစ်ထဲတွင် ဤလေ့လာချက်မှာ ဖေါ်ထုတ်ပြခဲ့သော၊ တိုင်းတာပုံချင်းလည်း အတူတူဖြစ်သော အဓိကညွှန်ပြကိန်းများ ပါရှိရမည်။ ဤစောင့်ကြည့်ရေးစနစ်၏ ရည်ရွယ်ချက်မှာ **(TBBC)** အဖို့ အိမ်ထောင်စုအလိုက် ထိခိုက်ခံရဖွယ်ရှိမှု အပေါ်မှာ အခြေခံလျှက်၊ သိမြင်မှုရှိစွာဖြင့်စဉ်းစားထားသော စီမံအုပ်ချုပ်ရေး ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန် ဖြစ်သည်။ ဤကဲ့သို့သော စနစ်တစ်ခုကို အသုံးပြုမည်ဆိုလျှင် (အခြားအရာများအပြင်)၊ ခွဲခြားသတ်မှတ်ထားသော ဝန်ဆောင်မှုများအလိုက် အိမ်ထောင်စုများကို အဆင့်အတန်း သတ်မှတ်ပေးသော လုပ်ထုံးလုပ်နည်း၊ ရိက္ခာလုံခြုံမှုနှင့်ပတ်သက်၍ စခန်းအလိုက် အခါအားလျော်စွာ ပြောင်းလဲမှုများကို စောင့်ကြည့် လေ့လာသော စနစ်၊ သို့တည်းမဟုတ် အခြားစနစ်များ၊ လုပ်ငန်းအစီအစဉ်သစ် အမျိုးမျိုး၏ အကျိုးသက်ရောက်မှုများကို အကဲဖြတ်နိုင်ရေးအတွက် အကဲဖြတ်ခြင်းနည်း စနစ်တို့ကို ထည့်သွင်းနိုင်ပါသည်။
- အကယ်၍ **(TBBC)** အနေနှင့် ထိခိုက်ခံရဖွယ်အခြအနေ ဆက်လက်ဖြစ်ပွားနေသော ကာလအတွင်းမှာ အိမ်ထောင်စုများကို အဆင့်အတန်း သတ်မှတ်ပေးလိုပါက (သာဓကအားဖြင့်၊ ခွဲခြားသတ်မှတ်ထားသော ဝန်ဆောင်မှုများ ပေးခြင်း) ဤကဲ့သို့သော စောင့်ကြည့်ရေးစနစ်တစ်ခု၏ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်ကို သိရှိနိုင်ရေးအတွက် စရိတ်–အကျိုးအမြတ် လေ့လာချက်တစ်ရပ် ဖေါ်ဆောင်စေသင့်သည်။ အိမ်ထောင်စုတိုင်းကို နှစ်စဉ် တွေ့ဆုံမေးမြန်းရမည်ဖြစ်ရာ၊ ငွေကြေး သိသိသာသာ ကုန်ကျနိုင်သည်။ ထို့ကြောင့် ဤကုန်ကျစရိတ်ကို ထောက်ပံ့ရိက္ခာကဲ့သို့သော ခွဲခြားသတ်မှတ်ထားသည့် ဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ်၊ သက်သာသွားမည့်ကုန်ကျစရိတ်များ (ဘဏ္ဍာရေးကုန်ကျ စရိတ်ရော၊ လူမှုရေး ကုန်ကျစရိတ်ပါ) နှင့် ချိန်ဆကြည့်ရမည်။ ဤသို့သောလေ့လာချက်တစ်ရပ်က **(TBBC)** အား ရည်မှန်းထားသော အိမ်ထောင်စုအလိုက် ဝန်ဆောင်မှုပေးရေးစနစ်၏ ကုန်ကျစရိတ်အမှန်ကို သိရှိစေမည် ဖြစ်ပါသည်။ **(TBBC)** အနေနှင့် မည်သည့်ဆုံးဖြတ်ချက်ကို ချသည်ဖြစ်စေ၊ ကုန်ကျစရိတ်–အကျိုးအမြတ် လေ့လာချက်ကိုသာမက လူမှုရေးတည်ငြိမ်မှုကဲ့သို့သော အကြောင်းအချက်များကို ထည့်တွက်ရပါမည်။ သတ်မှတ်အုပ်စုများကို သီးခြားပစ်မှတ်ထား ဖြန့်ဖြူးသော ရိက္ခာဝေငှရေးစနစ်ကို ကျင့်သုံးခြင်းကြောင့် စခန်းများထဲရှိ လူမှုရေးအင်အားစုများကို ပြောင်းလဲသွားစေနိုင်ပါသည်။ သို့တည်းမဟုတ် မိမိတို့၏ အနေအထားကို ရိက္ခာအပြည့်အဝ ရရှိစေမည့် အနေအထားသို့ ပြောင်းလဲသွားစေရန်အလို့ငှာ အိမ်ထောင်စု

များက မိမိတို့၏အပြုအမူကို ပြောင်းလဲပစ်သည့် အဖြစ်သို့ သွားစေနိုင်ပါသည်။ ဤတွင် စခန်းတွင်း လူမှုဆက်ဆံရေး ပေါင်းစည်းသဟဇာတဖြစ်မှုနှင့် လူမှုကွန်ရက်အကြောင်းကို သိရှိနားလည်လည်ရေးအတွက် အထူးပြုသော နောက်ထပ် လေ့လာချက် တစ်ရပ် လိုအပ်ပါလိမ့်မည်။ ဤလေ့လာချက်က ပိတ်လှောင်ထားခြင်းခံရသော လူနေမှုဘဝ တစ်ခု၏ ဤလူမှု ပေါင်းစည်းမှုအား အနှောင့်အယှက် ဖြစ်စေနိုင်သော အကြောင်းအချက်များ (ဖြစ်ပေါ် လာဖွယ်ရှိသောထောက်ပံ့ရိက္ခာ လျှော့ချခြင်းကဲ့သို့သော အကြောင်းအချက်များ) နှင့် ဤအနှောင့် အယှက်များ၏ ရိုက်ခတ်ချက်များကို ဖေါ်ထုတ်ပြမည်ဖြစ်ပါသည်။

- **(TBBC)** အနေနှင့် နို့စို့ကလေးများ၊ အသက် (၅)နှစ်အောက်ကလေးငယ်များပါရှိသည့် ထိခိုက်ခံရဖွယ် အိမ်ထောင်စုများအတွက် ရိက္ခာလုံခြုံမှုစောင့်ကြည့်ရေး စနစ်တစ်ခုကို ဖေါ်ဆောင်သင့်ပါသည်။ ဤစနစ်ထဲတွင် **(CSI)** နှင့် **(FCS)** ညွှန်ပြကိန်းများအပြင်၊ အခြားသက်ဆိုင်ရာ ရိက္ခာလုံခြုံရေး အကြောင်းအချက်များကိုလည်း အစီအစဉ်ရေးဆွဲနေသော (၂) နှစ်လျှင် တစ်ကြိမ် အာဟာရစစ်တမ်း ကောက်ယူမှုလုပ်ငန်း၏ အစိတ်အပိုင်းအဖြစ် ထည့်သွင်းရမည် ဖြစ်ပါသည်။ ထို့ပြင်၊ ကျန်းမာရေး ဝန်ဆောင်မှုရရှိရေး၊ လုံလောက်သော တကိုယ်ရေ သန့်ရှင်းရေး၊ ကျန်းမာ သန့်ရှင်းရေး၊ ရေကောင်းရေသန့် ရရှိရေးဆိုင်ရာ ပြဿနာများနှင့် တကွ၊ ဤစစ်တမ်းကောက်ယူမှုလုပ်ငန်း၏ အစိတ်အပိုင်းအဖြစ် နို့စို့ကလေးများနှင့် ကလေးသူငယ်များအား အစာ အာဟာရတိုက်ကျွေးခြင်း **(IYCF)** ဆိုင်ရာ ပြဿနာများကိုလည်း ထည့်သွင်းသင့်ပါသည်။ သို့မှသာ ရိက္ခာလုံခြုံမှုပြဿနာနှင့် အာဟာရချို့တဲ့မှုပြဿနာများဖြစ်ရခြင်း၏ အကြောင်းရင်းများကို ပိုမိုကောင်းမွန်စွာ နားလည်ပြီး၊ ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။
- ဤလေ့လာချက်က အိမ်ထောင်စုများအဖို့ ဝင်ငွေရှာ၍ရနိုင်သော ရာသီများနှင့် အစားအစာ လုံလောက်မှုရှိသော အချိန်ကာလများကို (မေးခွန်းဖြေကြားပေးသူများ၏ ပြောပြချက်များအရ) ဖေါ်ပြထားပါသည်။ ရှားပါးသော လများတွင် ဝင်ငွေရအလုပ်များ ရရှိရန်ခဲယဉ်းသည်ဖြစ်ရာ၊ **(TBBC)** အနေနှင့် ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖေါ်ဝါရီနှင့် တခါတရံ မတ်လတို့တွင် ဒုက္ခသည်အိမ်ထောင်စုအားလုံးတို့အား ထောက်ပံ့ရိက္ခာကို ပြည့်နိုင်သမျှ အပြည့်အဝပေးရန် စဉ်းစားသင့်ပါသည်။ ဤသို့ပေးရေးတွင် ထမ်ဟင်းစခန်းကို ချန်လှပ်ထားသင့်က ထားရပါမည်။ အကြောင်းမှာ ၎င်းစခန်းသည် အဆိုပါ (၃) လအတွင်းမှာ ပါးရှားမ မရှိကြောင်း တွေ့ရသောကြောင့် ဖြစ်သည်။ သို့ဖြစ်သည့်တိုင် ထမ်ဟင်းစခန်းအဖို့ တစ်နှစ်တာ၏ အခြားကာလများမှာ ရှားပါးရာသီ ရှိ– မရှိ အသိအမှတ်ပြုရန်လည်း လိုအပ်ကောင်း လိုအပ်ပါလိမ့်သည်။
- စခန်းများ၏ ရိက္ခာလုံခြုံမှု တစ်စုံလုံးသည် ကျေနပ်ဖွယ်ရှိသော်လည်း စခန်းများရှိ အထွေထွေအာဟာရကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးရန် လိုသေးသည်ဟု ဤလေ့လာချက်က (စားသုံးမှု ရမှတ်များနှင့် နေ့စဉ်အစာအာဟာရ အမျိုးအစားများကို အထောက်အထားပြုလျှက်) အခိုင်အမာတွေ့ရှိပါသည်။ သို့ဖြစ်ရာ လက်ရှိ ထောက်ပံ့ရိက္ခာ ပြောင်းလဲမှုအချို့အကြောင်း၊ ရွေးချယ်သင့်ဆုံးသော အစားအစာများ အကြောင်း၊ ငွေကုန်ကြေးကျသက်သာစွာဖြင့် ပို၍ ညီညွတ်မျှတပြီး၊ ပို၍လည်း အာဟာရ ရှိသော အစားအစာကို စားသုံးနည်း၊ ဈေးကြီးပေးဝယ်စားရသော မုန့်များအကြောင်းနှင့် နှိုင်းယှဉ်လျှက် အာဟာရ ရှိသော အိမ်တွင်းလုပ် မုန့်များအကြောင်း၊ ဒုက္ခသည်များ၏ နေ့စဉ်အစာ အာဟာရနှင့် ကျန်းမာရေးပြဿနာတို့ မည်သို့ ဆက်စပ်နေပုံအကြောင်းများကို လူအများသိအောင် ရည်ရွယ်သော အာဟာရပညာပေးရေး လှုပ်ရှားမှုတစ်ရပ် ဖေါ်ဆောင်ရန်အလို့ငှာ (TBBC) အနေနှင့် အမျိုးသမီးအဖွဲ့အစည်းများ၊ စခန်းကော်မီတီများ၊ ကျန်းမာရေးဝန်ထမ်းများ (စေတနာ့ဝန်ထမ်းများ အပါအဝင်)၊ အခြားပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ထိန်းသိမ်းထားရေး နည်းလမ်းများကို လေ့လာသင့်ပါသည်။ ဤအသိအမြင်သည် နေ့စဉ်အစာ အာဟာရထဲတွင် အာဟာရဓာတ်ပိုမို ပြည့်ဝစွာပါဝင်ရေး၊ အိမ်ထောင်စုများအား မိမိတို့၏ အစားအစာဖိုးငွေ အနည်းအကျဉ်းမျှကို ပို၍စေ့စပ်သေချာစွာ သုံးစွဲအောင် ပညာပေးရေးတို့တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။ အပြုအမူပြောင်းလဲမှုကို အဟန့်အတားပြုသော အကြောင်းအချက်များ အကြောင်း၊ ရနိုင်သမျှနည်းလမ်းများကို မည်သို့ အကောင်းဆုံး အသုံးချရမည့် အကြောင်းတို့ကို သိရှိရေးအတွက် အထောက်အကူပြု သုတေသနလုပ်ငန်း (formative research) ဖေါ်ဆောင်ရန်လည်း အကြံပြုပါသည် (နောက်ထပ် အချက်အလက်များကို သိရှိလိုပါက Nutrition and food Security Review ကို ဖတ်ကြည့်ပါရန်)။

- Asia Mix အေးရှားမစ် (ခေါ်) ညီညွတ်မျှတစွာ အားဖြည့် အာဟာရ ရောစပ်ထားသော အစားအစာ **(fortified blended food-FBF)** သည် အနည်းငယ်မျှသာ ရရှိပြီး၊ အဓိကအုပ်စုဆွေးနွေးပွဲ **(FGD)** ၏ ညွှန်ပြချက်အရဆိုလျှင် အိမ်ထောင်စုအများစု အဖို့ (၁၀) ရက်မှ (၁၅) ရက်အထိသာ အစားခံပါသည်။ ထို့အပြင် ယခုလောလောဆယ် ထောက်ပံ့ရိက္ခာ လျှော့ချလိုက်မှုကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ နို့စို့ကလေးများကလေးများ၊ ကလေးငယ်များ ကဲ့သို့သော အသက်အရွယ်အရ ထိခိုက်ခံရဖွယ်ရှိသော အုပ်စုများအဖို့ အကြီးအကျယ် ထိခိုက်ခံရမည့် အလားအလာ ရှိနေပါသည်။ သို့ဖြစ်ရာ အာဟာရ မပြည့်ဝမှုပြဿနာ ဖြေရှင်းရေး၊ နို့စို့ကလေးနှင့် ကလေးငယ်များအား ပိုမိုကောင်းမွန်စွာ အာဟာရတိုက်ကျွေးပုံ တိုက်ကျွေးနည်းကို လူအများ သိရှိရေးတို့အတွက် ရည်ရွယ်သော အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ ပညာပေးခြင်းနှင့်တကွ ဤအုပ်စုများအား အခြေအနေနှင့်အညီ ဖြည့်စွက်အစားအစာ (RSB++) ထောက်ပံ့ရန် (အစီအစဉ် ရေးဆွဲထားသည့်အတိုင်း) ပစ်မှတ်ထားသင့်ပါသည်။ ဤတွင် အကျိုးခံစားသူများအနေနှင့်လည်း သတ်မှတ်ချက်များအတိုင်း လိုက်နာရမည် ဖြစ်ပါသည်။ သာဓကအားဖြင့်၊ အမျိုးအမီးများအနေနှင့် မီးမဖွားမီ ပြုစုစောင့်ရှောက်ခြင်း (ANC) နှင့် အာဟာရ/ကျန်းမာရေး ပညာပေး သင်တန်းများသို့ တက်ရောက်စေခြင်း၊ ကလေးငယ်များ (နှင့် အုပ်ထိန်းသူများ) အနေနှင့် လစဉ် ကြီးထွားမှုစောင့်ကြည့်ရေး အစီအစဉ်၊ ပညာပေးဟောပြောပွဲနှင့် အာဟာရ/ ကျန်းမာရေး သင်တန်းများသို့ တက်ရောက်ခြင်းတို့ဖြစ်ပါသည်။[၇] ဤသတ်မှတ်ချက်သည် ဒုက္ခသည်စခန်းများတွင် အာဟာရ တိုးတက်ကောင်းမွန်ရေးဆိုင်ရာ (UNHCR) ၏ မဟာဗျူဟာ/ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) ၏ မဟာဗျူဟာတို့နှင့် ကိုက်ညီသည့်အပြင်၊ ရက်ပေါင်း "၁, ၀၀၀"(ကိုယ်ဝန်ဆောင်များအတွက် ရက်ပေါင်း ၂၇၀ နှင့် မွေးကင်းစမှ အသက် ၂ –နှစ်အရွယ် ကလေးများအတွက် ရက်ပေါင်း ၇၃၀) အချိန်ယူဖော်ဆောင်သော တစ်ကမ္ဘာလုံးဆိုင်ရာ အာဟာရတိုးမြှင့်ရေး အစီအစဉ် (Scaling Up Nutrition- SUN) နှင့်လည်း ကိုက်ညီပါသည်။ (ကျိုး–ကြောင်းဖော်ပြချက်၊ ပူးပေါင်းဆောင်ရွက်သူများ၊  ဘဏ္ဍာငွေကြေး ရရှိနိုင်ဖွယ်ရာ နေရာများနှင့်ပတ်သက်၍ Nutrition and Food Security Review ကို ကြည့်ပါရန်)။
- အစီအစဉ်ရေးဆွဲထားသည့်အတိုင်း၊ (TBBC) သည် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းလျက်၊ အတိတ်က သင်ခန်းစာများကို ယူခြင်း၊ အောင်မြင်ကြောင်းတွေ့ရသော လုပ်ဆောင်ချက်များကို အလေးတင်းလုပ်ကိုင်ခြင်းပြုကာ၊ ဒုက္ခသည်များအဖို့ မြေယာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုး၍ရရှိစေရန် ဆက်လက် ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ ဒီဇင်ဘာလမှ မတ်/ဧပြီလများအတွင်း စခန်းအများစုမှာ တွေ့ရှိရသော ရှားပါးကာလများ၌ ငွေပေးသည်ထက် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အမျိုးအမည်များ တိုးများလာရေးကို အထူး အလေးပေးသင့်ပါသည်။ အိမ်ခြံတွင်း ဥယျာဉ်စိုက်ပျိုးခြင်း၊ တိရစ္ဆာန်အငယ်စားများ မွေးမြူခြင်း၊ သီးနှံစိုက်ပျိုးခြင်းလုပ်ငန်းများ တိုးချဲ့ခြင်းကိုလည်း ဦးစားပေးဆောင်ရွက်သင့်ပါသည်။ (Nutrition and Food Security Review ကို ကြည့်ပါရန်)။ နေ့စဉ်အစာအာဟာရ အမျိုးအမည် တိုးပွားရေး၊ အစာ အာဟာရ အရည်အသွေး တိုးတက်ကောင်းမွန်ရေးတို့အတွက် ကြံဆရေးနည်းလမ်းများကို လေ့လာသင့်ပါသည်။ ဤသို့လေ့လာရာ၌ ဤကိစ္စနှင့်ပတ်သက်၍ အခြားစခန်းများထက် ပို၍ကောင်းစွာ လုပ်ဆောင်နိုင်ကြောင်း တွေ့ရှိရသော ထမ်ဟင်းနှင့် တုန်ယန်းစခန်းကဲ့သို့သော စခန်းများဆီမှ အတုယူခြင်းဖြင့် စတင်သင့်ပါသည်။
- **(TBBC)** အနေနှင့် စားသုံးနေသော နေ့စဉ်အစာအာဟာရ ညံ့ဖျင်းရခြင်းအကြောင်းရင်းနှင့် ဤအစာအာဟာရများစားသုံးမှု တိုးတက်ကောင်းမွန်ရေးကို အဟန့်အတားပြုနေသော အချက်များနှင့်ပတ်သက်၍

---

[၇] မွေးကင်းစ ကလေးငယ်များနှင့် ကလေးသူငယ်များကို လစဉ် ပုံမှန် ကိုယ်အလေးချိန် ချိန်ခြင်းသည် အကယ်၍ တက်ရောက်သူ အရေအတွက် များပြားလျှင်၊ လေ့လာမ၍အတွက် ကိုယ်စားပြုသည့် နမူနာ လူဦးရေ အရေအတွက်ကို ရွေးချယ်သတ်မှတ်၍ ဆက်လက် စောင့်ကြည့်နိုင်လျှင်၊ အာဟာရ စောင့်ကြည့်လေ့လာမှုဆိုင်ရာ စနစ်တစ်ရပ် ဖြစ်နိုင်ပါသည်။ ပိုမို တိကျစေရန် အခြားသော တိုင်းထွာမှုများကိုလည်း နေ့စဉ် စစ်ဆေးနိုင်ပါသည်။ ကိုယ်အလေးချိန် တိကျမှုကို ဖော်ထုတ်ခြင်း၊ မှတ်တမ်းမှတ်ရာ သေချာ ထားရှိခြင်း၊ အချိန်နှင့်တစ်ပြေးညီ ဒေတာဘေ့စ် စနစ်တွင်းသို့ သွင်းခြင်း ပြုနိုင်ပါက သတ်မှတ်ထားသည့် အချိန်ကာလတစ်ခုတွင် အဓိပ္ပါယ်ပြန်ဆို ဖော်ထုတ်ခြင်း ပြုနိုင်ပါလိမ့်မည်။ ဤသို့သော စနစ်မျိုးကို ထားရှိ၊ ဖွံ့ဖြိုးစေပါက ကာလကြာမြင့်လာသည်နှင့်အမျှ အာဟာရဆိုင်ရာ စစ်တမ်းကောက်ယူမှုကို မကြာခဏ ဆိုသလို ဆောင်ရွက်ရန် လိုအပ်တော့မည် မဟုတ်ပေ။ (Reference: Global Nutrition Cluster Harmonized Training Materials Package: *Module 10: Nutrition Information and Surveillance Systems, Part 2: Technical notes*, p. 10-12, August 2009, UNICEF Nutrtion Cluster.

သိရှိရန်အတွက် စခန်းများတွင် စားသုံးမှုနည်းသော **FCS** (တနည်းအားဖြင့်) ထောက်ပံ့ရိက္ခာများအနက် စားသုံးမှု ထူးထူးခြားခြားနည်းသော ရိက္ခာအမျိုးအစားများနှင့် ပတ်သက်၍ "အငယ်စား"လေ့လာမှု တစ်ရပ် လုပ်ရန် စဉ်းစားသင့်ပါသည်။ ဤလေ့လာချက်သည် မိုးရာသီအတွင်းမှာ ရိက္ခာဝေငှမှု အကြိမ်နည်းပြီး၊ စုစုပေါင်းရိက္ခာ ရရှိမှုပမာဏလည်း ပို၍နည်းသော ပို၍ဝေးလံသည့် စခန်းအချို့နှင့် ပို၍ သက်ဆိုင်ပါသည်။ ဤလေ့လာချက်သည် စခန်းများမှာ အသုံးပြုသော ဘာသာစကားများ၊ ရိက္ခာလုံခြုံမှု ပြဿနာများ၊ သုတေသနပြုနည်းများတွင် အကျွမ်းတဝင်ရှိသော ကောင်းစွာလေ့ကျင့်ထားသည့် ဒေသခံ သုတေသီ အနည်းငယ်မျှဖြင့် လုပ်သောအရည်အချင်းဆိုင်ရာ လေ့လာချက်တစ်ရပ် ဖြစ်နိုင်ပါသည်။

*****